## ယူထားရင် ပေးရမယ်

တစ်ည ညဉ့်နက်လာချိန်၌ မြို့တော်တစ်နေရာမှ မျက်နှာဖုံးစွပ်ထားသော ငွေလုသူက ကောင်းကောင်းမွန်မွန် ဝတ်စားထားသည့် သူဌေး၏နံရိုးကြား သေနတ်ထောက်လျက် "ခင်ဗျား ငွေတွေ ကျုပ်ကို ပေးလိုက်ပါ" ဟု ခပ်တင်းတင်း အမိန့်ပေးလိုက်၏။ ဒေါသထွက်သွားသော သူဌေးက "ကျုပ်က အမေရိကန်ပြည်ထောင်စု လွှတ်တော်အမတ်ပါ"ဟု ဒေါသကို ထိန်းလျက် ခပ်အေးအေးပြောပြလိုက်ရာ ငွေတောင်းသူက "ဒီလိုဆိုရင် ကျုပ် ငွေတွေကို ပြန်ပေးပါ"ဟု ပြင်၍ တောင်းလိုက်၏။

❐

## လေယာဉ်မှူးအမှန်ဆုံး

တစ်နေ့မှာ စစ်တပ်လေယာဉ်ဖြင့် သမ္မတရယ်၊ ဒုသမ္မတရယ်၊ အတွင်းရေးမှူးရယ် ခရီးထွက်ခဲ့ကြ၏။ တစ်ချိန်မှာ ဒုသမ္မတက သမ္မတကို ကြည့်လျက်–

"ဒီမှာ သမ္မတ၊ ကျွန်တော်က ဒေါ်လာ ၁၀၀ တန် တစ်ရွက်ကို ပြတင်းပေါက်ကနေ အောက်ကို ပစ်ချပေးလိုက်ရင် လူတစ်ယောက်ကတော့ ပျော်သွားမှာပဲ"ဟု ပြောပြလိုက်လေရာ သမ္မတက ပခုံးတွန့်ပြီး...

"ကျုပ်ကလည်း ၁၀ ဒေါ်လာတန် ၁၀ ရွက်ကို ပစ်ချပေးနိုင်ပါတယ်။ ဒီလိုဆို လူ ၁၀ ယောက်တော့ ပျော်သွားပြီပေါ့"

သည်တော့ အတွင်းရေးမှူးကလည်း အားကျမခံ...

"ကျွန်တော်ကတော့ တစ်ဒေါ်လာတန် အရွက် ၁၀၀ ပစ်ချမယ်ဗျာ၊ ကဲ...လူ ၁၀၀ ပျော်ရရော မဟုတ်လား"

သူတို့သုံးယောက်ပြောစဉ်အပြီးမှာ လေယာဉ်မှူးက သူတို့သုံးဦးအား မြဲကြည့်လိုက်ပြီး...

"အင်း...ကျွန်တော်ကတော့ ခင်ဗျားတို့သုံးယောက်စလုံးကို ပြတင်းပေါက်က ပစ်ချချင်တယ်။ ဒါဆို တစ်တိုင်းပြည်လုံးပျော်သွားမှာ သေချာပါတယ်"ဟု မရယ်မပြုံး တည်တည်ကြီး ပြောလိုက်၏။

❐